
# သွေးအဆိပ်တက်ခြင်းကြောင့် သေဆုံးခဲ့ရသည့် ကလေးများ၏ မိဘများ၊ စောင့်ရှောက်သူများနှင့် မိသားစုများအတွက် သတင်းအချက်အလက်များ

## သွေးအဆိပ်တက်ခြင်းဆိုသည်မှာ အဘယ်နည်း။

သွေးအဆိပ်တက်ခြင်းသည် ခန္ဓာကိုယ်က ရောဂါပိုးဝင်ခြင်းကို အလွန်အမင်းတုံ့ပြန်ပြီး ကိုယ်ပိုင်တစ်ရှူးနှင့် အင်္ဂါများကို စတင်ဖျက်ဆီးသည့်အခါ ဖြစ်ပေါ်သည်။ ဤဖျက်စီးမှုသည် သေဆုံးသည်အထိ ပြင်းထန်နိုင်သည်။ သွေးအဆိပ်တက်ခြင်းနှင့် သွေးအဆိပ်တက်ခြင်းကြောင့် သေဆုံးခြင်းသည် အလွန်လျင်မြန်စွာဖြစ်ပေါ်နိုင်သည်။

သင့်ကလေးသေဆုံးခြင်းသည် အလွန်စိတ်ထိခိုက်ဖွယ်ရာဖြစ်သည်။ သင်ခံစားနေရသည့် ဝမ်းနည်းပူဆွေးမှုသည် ယခင်ကခံစားခဲ့ရသည့် အရာများနှင့်မတူကြောင်း ကျွန်ုပ်တို့ နားလည်ပါသည်။ သင်ကလေးဘာဖြစ်ခဲ့သည်ကို နားလည်ရန်နှင့် သင့်ကို ကူညီပေးနိုင်သူများကို သိရှိရန် အရေးကြီးသည်။



## သင့်ကလေးဖြစ်ပျက်ခဲ့သည်ကို နားလည်ခြင်း

သင့်ကလေး၏ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် သင့်ကလေး၏ သွေးအဆိပ်တက်ခြင်း ရောဂါရှာဖွေမှုအကြောင်းနှင့် ၎င်းသေဆုံးသည်အထိဖြစ်ခဲ့သည့် ဖြစ်ရပ်များအကြောင်း သင်နှင့်စကားပြောပါမည်။ ဤအချက်အလက်များကို နားလည်ရန် သို့မဟုတ် မှတ်မိရန် ခက်ခဲနိုင်သည်မှာ ဖြစ်တတ်ပါသည်။ ယင်းမှာ သင်တွေ့ကြုံခံစားနေရသည့် စိတ်ဒဏ်ရာနှင့် ဝမ်းနည်းပူဆွေးမှုကြောင့်ဖြစ်သည်။ သင်သည် မိတ်ဆွေ သို့မဟုတ် လူမှုလုပ်သားကဲ့သို့ သင့်ကိုကူညီ၍ မှတ်စုရေးပေးနိုင်မည့် သို့မဟုတ် မေးခွန်းများမေးပေးနိုင်မည့် ပံ့ပိုးပေးမည့်သူတစ်ယောက် ထားရှိလိုမည်ဖြစ်သည်။

သင့်အနေဖြင့် သင့်ကလေး၏ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် ၎င်းတို့ ရရှိခဲ့သည့် စောင့်ရှောက်မှုအကြောင်းနှင့် ၎င်းတို့သေဆုံးခြင်းနှင့်ပတ်သက်၍ သိရှိထားသည်များအကြောင်း ဆွေးနွေးရန် အနာဂတ် နောင်တစ်ချိန်ချိန်တွင် စကားပြောရန်လည်း စီစဉ်နိုင်ပါသည်။

## သင့်ကလေး၏ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို သင်မေးနိုင်သော မေးခွန်းများ

- ကျွန်ုပ်၏ ကလေးသည် သွေးအဆိပ်တက်သည့်အခြေအနေအရ မည်သို့ အလွန်အမင်း နာမကျန်းဖြစ်ခဲ့သနည်း။
- နောင်အနာဂတ် တစ်ချိန်ချိန်တွင် ဖြစ်ပျက်ခဲ့သည့်အကြောင်းနှင့် ပတ်သက်၍ ဆရာဝန်တစ်ဦးနှင့် ကျွန်ုပ် စကားပြော၍ရနိုင်ပါသလား။
- ကျွန်ုပ်တွင် နောက်ထပ်မေးမြန်းစရာများရှိပါက ဆေးရုံတွင် ကျွန်ုပ် အဓိက ဆက်သွယ်ရမည့်သူမှာ မည်သူနည်း။
- ကျွန်ုပ်ဆေးရုံမှ ထွက်ခွာလာပြီးနောက် ကျွန်ုပ်ကလေးကို မည်သည့်နေရာတွင် စောင့်ရှောက်မည်နည်း။
- ကျွန်ုပ်၏ အခြားကလေးများအား ၎င်းတို့၏ မွေးချင်းသေဆုံးမှုနှင့် ပတ်သက်၍ ကျွန်ုပ်မည်သို့ပြောရမည်နည်း။
- ကျွန်ုပ်တို့ဆေးရုံမှ ဆင်းလာပြီးနောက်ပိုင်း ကျွန်ုပ်တို့ကို မည်သူက ပံ့ပိုးနိုင်သနည်း။

SEPSIS

www.childrens.health.qld.gov.au/health-a-to-z/sepsis

Queensland Government

နောက်ဆုံးမွမ်းမံခြင်း အောက်တိုဘာ 2024 BK0013

## သင်နှင့် သင့်မိသားစုအတွက် ပံ့ပိုးမှု

**Queensland Paediatric Sepsis Program**(ကွင်းစလန် သွေးအဆိပ်တက်ခြင်းဆိုင်ရာ ကလေးအထူးကုအစီအစဉ်) က သွေးအဆိပ်တက်ခြင်းကြောင့် သေဆုံးသွားသည့် ကလေး၏ မိဘများနှင့် စောင့်ရှောက်သူများအတွက် အထောက်အပံ့နှင့် သိကောင်းစရာများ ပံ့ပိုးပေးပါသည်။

မိသားစု အထောက်အကူပြု အစီအစဉ်အတွက် စာရင်းသွင်းရန် ဤ **QR** ကုတ်ကို အသုံးပြုနိုင်ပါသည်။ မည်သည့်အချိန်တွင် စာရင်းသွင်းရမည်ဟု အချိန်ကန့်သတ်ထားခြင်းမရှိပါ၊ သင်စာရင်းသွင်းလိုသည့်အခါ စာရင်းသွင်းရန် ဖိတ်ခေါ်ပါသည်။ ထို့နောက် ကျွန်ုပ်တို့၏ အတွေ့အကြုံရှိ လူမှုလုပ်သားတစ်ဦးက သင့်ကိုဆက်သွယ်ပါမည်။

**Children's Health Queensland Bereavement Service** ကွင်းစလန် ကလေးကျန်းမာရေးနှင့် သေဆုံးခြင်း ဝန်ဆောင်မှုကလည်း ကွင်းစလန်ပြည်နယ်ရှိ ကလေးသေဆုံးခဲ့သည့် မိသားစုအားလုံးကို ပံ့ပိုးပေးပါသည်။ ၎င်းတို့၏ ပံ့ပိုးမှုအကြောင်း ပိုမိုလေ့လာလိုပါက ဖုန်း **1800 080 316** ဖြင့်လည်းကောင်း၊ အီးမေးလ် **chq_bereavement@health.qld.gov.au** ဖြင့်လည်းကောင်း ဆက်သွယ်နိုင်ပါသည်။

## ယဉ်ကျေးမှုဆိုင်ရာ ပံ့ပိုးမှု

သင်၏ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အား သင်အောက်ပါတို့လိုအပ်ပါက အသိပေးပါ -

- ဘာသာပြန် သို့မဟုတ် စကားပြန်တစ်ဦး။
- အဘော်ရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသား ဆက်ဆံရေးအရာရှိ။



## အခြားဝမ်းနည်းပူဆွေးမှုနှင့် ဆုံးရှုံးမှုဆိုင်ရာ ပံ့ပိုးမှု -

- Beyond Blue **1300 224 636**
- Red Nose **1300 308 307**
- 13YARN **13 92 76** - အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအတွက်